BURMESE

ဇန်နဝါရီလ 23 ရက်၊ 2025

# ယခုလက်ရှိ DCSD ၏ တစ်နှစ်တာ အကောင်းဆုံးသော ဆရာဆုအား အသစ်ချွတ်ချွတ်ရရှိထားသည့် ဆရာတစ်ဦးသည် မူကြိုတန်း (Pre-K) သင်ကြားမှုအပိုင်းတွင် အကောင်းဆုံးဖြစ်မှုအား မှတ်ကျောက်တင်နိုင်ခဲ့

မူကြိုတန်းဟုဆိုသည်နှင့် အောင်မြင်သော ပညာရေး လမ်းခရီးတစ်ခုတွင် ကလေးများ၏ ပထမဆုံးသော ခြေလှမ်းအဆင့်တစ်ခုအဖြစ် ရှုမြင်ကြမည်မှာ ဇကေန်ပင် ဖြစ်သည်။ စာလုံးလေးများ၊ နံပါတ်လေးများဖြင့် စတင်မိတ်ဆက်ရင်း ဘဝတစ်သက်တာ သင်ယူလေ့လာမှု၏ အခြေခံအုတ်မြစ်အား စတင်ဖွဲ့စည်းတည်ဆောက်ခဲ့သည် နေရာဟုဆိုလည်း မှားမည်မဟုတ်ပေ။ DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) အတွင်းရှိ ပညာရေးဝန်ထမ်း တော်တော်များများသည် ဤအရေးကြီးလှသော အစောပိုင်းအဆင့်အား ထူးချွန်စွာ လမ်းညွှန်ပြသပေးနိုင်ကြသူများ ဖြစ်သည်။ သို့ဖြစ်ရာ ဤနှစ်တွင်လည်း မူကြိုတန်း ဆရာမတစ်ဦး၏ မိမိအလုပ်တာဝန်အပေါ် မြတ်နိုးအလေးထားမှုနှင့် အောင်မြင်စွမ်းဆောင်နိုင်ခဲ့မှုများသည် သိသိသာသာ ပေါ်လွင်ထင်ရှားခဲ့ပေသည်။

Smoke Rise မူလတန်းကျောင်းတွင် ပြီးခဲ့သည့် ဆယ်စုနှစ်တစ်လျှောက်လုံး မူကြိုတန်း (Pre-K) အား သင်ကြားပို့ချပေးလျက်ရှိသော ဆရာမတစ်ဦးဖြစ်သည့် Dr. Latalia Robbins သည် 2024-2025 ခုနှစ်အတွက် DCSD ၏ တစ်နှစ်တာအကောင်းဆုံးသော ဆရာအဖြစ် အမည်ပြုခံခဲ့ရပါသည်။ သူမသည် ပြီးခဲ့သည့် နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် *11ကြိမ်မြောက် နှစ်စဉ် ပညာရေးပိုင်းဆိုင်ရာ အထူးချွန်ဆုံး အကယ်ဒမီဆုချီးမြှင့်ပွဲတွင် Georgia United Credit Union ထံမှ ဆုကြေး $1,000 နှင့်အတူ ဤဂုဏ်သရေရှိလှသော ဂုဏ်ပြုချီးမြှင့်ဆုအား* လက်ခံရရှိခဲ့ပါသည်။ သူမအတွက်မူ အဆိုပါသော အခိုက်အတန့်ကို မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရကြောင်း၊ နှင့် မူကြိုတန်း ပညာရေးဝန်ထမ်းတစ်ဦးအနေဖြင့် ဤကဲ့သို့ အရေးပါသော အသိအမှတ်ပြုခံရမှုကို ရရှိနိုင်လိမ့်မည်ဟု မထင်မှတ်ထားခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။

"ကျွန်မ ဒီလိုကြုံတွေ့ ရလိမ့်မယ်လို့ မထင်ထားခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူတော်တော်များများက မူကြိုတန်းကိုဆိုရင် စာသင်ကျောင်းရဲ့ သီးခြား အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ထားတတ်ကြလို့ပါ၊" ဟု Dr. Robbins မှ ဆိုသည်။ "ဒီလိုအသိအမှတ်ပြုခံရမှုနဲ့အတူ ဒီဂရိတ်အတန်းကို သင်ကြားပေးနေတဲ့ ဆရာ၊ဆရာမတွေဟာလည်း ပညာသင်ယူမှုခရီးလမ်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ သူတို့ရဲ့ တစ်ထောင့်တစ်နေရာက ထည့်သွင်းပါဝင်မှုတွေအတွက် အသိအမှတ်ပြုခံရဖို့ မျှော်လင့်ချက်တွေ ပိုရှိလာကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်မိပါတယ်။ ဒီဂုဏ်ပြုခံရမှုကို ကျွန်မ တန်ဖိုးထား ထိန်းသိမ်းသွားမှာ ဖြစ်တဲ့အပြင် ရှေ့ဆက်ပြီးလည်း အကောင်းဘက်ကနေ၊ အပြုသဘောနည်းလမ်းတွေနဲ့ DCSD ကို ကိုယ်စားပြုသွားမှာ ဖြစ်ပါတယ်။"

လုပ်သက် 15 နှစ် ရှိပြီဖြစ်သည့် မူကြိုတန်း (Pre-K) ပညာရေးပိုင်းမှ ဝန်ထမ်းဖြစ်သူ Dr. Robbins သည် Northern Arizona တက္ကသိုလ်မှ အစောပိုင်းကလေးဘဝ ပညာရေး ဘာသာရပ်နှင့်ပတ်သက်၍ တက္ကသိုလ်ပထမဘွဲ့အား ရရှိခဲ့ပြီး၊ အဆိုပါ အစောပိုင်းကလေးဘဝ ပညာရေး ဘာသာရပ်နှင့်ပင် Grand Canyon တက္ကသိုလ်မှ မဟာဘွဲ့အား ရယူကာ Walden တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ရရှိခဲ့သူ ဖြစ်သည်။ သူမသည် အထူးပြု အသိအမှတ်ပြုလက်မှတ် များစွာကိုလည်း ရရှိထားသူ ဖြစ်ပြီး၊ သူမ ရရှိထားသည့် အသိအမှတ်ပြုလက်မှတ်များတွင် Georgia ၏ မွေးကင်းစမှ ငါးနှစ်အရွယ်အထိ ဖွံ့ ဖြိုးတိုးတက်မှု မူကြိုတန်းပညာရေး၊ အင်္ဂလိပ်ဘာသာစကားမှ အခြားသော ဘာသာစကား ပြောဆိုသူများသို့ ဆက်သွယ်မှု (English to Speakers of Other Languages) နှင့် နည်းပြခြင်း/လမ်းညွှန်ပဲ့ကိုင်ပေးခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ အစရှိသည်တို့ ပါဝင်ပေသည်။

Dr. Robbins ၏ အဆိုအရမူ ပညာရေးဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းသည် သူမ၏ စိတ်နေစိတ်ထား နှင့် လုပ်ငန်းပိုင်းခံယူချက်တို့ကို သိသိသာသာ ပုံသွင်းပေးခဲ့ကြောင်း ပြောပြခဲ့သည်။ "အားလုံးချုံပြောရမယ်ဆိုရင် ဒါဟာ ကျွန်မကို ပိုမိုကောင်းမွန်တဲ့ လူပုဂ္ဂိုလ်တစ်ဦး ဖြစ်လာစေဖို့ ပြုလုပ်ပေးပါတယ်။ ဘယ်အရာကိုမဆို အလေးထား နားထောင်ပေးပြီး၊ ကလေးတွေ အားလုံးအတွက် အသုံးဝင်သူတစ်ဦးဖြစ်စေဖို့၊ ပြီးတော့ ဒီအရာဟာ သူတို့လေးတွေရဲ့ တစ်ဦးချင်း ဖွံ့ ဖြိုးကြီးထွားမှုမှာ အဓိကကျတဲ့ အရာတစ်ခုဖြစ်ကြောင်း ကျွန်မကို ကျွန်မ အစဉ်အမြဲ သတိပေးနေဖြစ်ပါတယ်။"

ဂုဏ်ပြုဆုရရှိကြောင်း ဤစိတ်လှုပ်ရှားဖွယ်သော သတင်းကောင်းသည် သူမ၏ ကျောင်းသားများကိုလည်း ပျော်မြူးသွားစေခဲ့ပါသည်။ ကလေးများသည် သူတို့၏ စာသင်ခန်းအား အလှဆင်ကာ သူတို့၏ ဆရာမအား ဂုဏ်ပြုခဲ့ကြပြီး၊ Dr. Robbins သည် သူမ၏ Pre-K မူကြိုတန်း တွဲဖက်လုပ်ဖော်ကိုင်ဖက်ဖြစ်သူ Katrina Woodruff အပါအဝင် အခြားသော လုပ်ဖော်ကိုင်ဖက်များနှင့် ကျောင်းသားများထံမှ ဂုဏ်ပြုလက်ဆောင်များကို ရရှိခဲ့သည်။

Dr Robbins နှင့် တွဲဖက်လုပ်ကိုင်လျက်ရှိသည်မှာ ၂ နှစ်ကြာ ရှိပြီဖြစ်သည့် Ms. Woodruff မှလည်း Dr. Robbins သည် ဤဆုကို ထိုက်တန်စွာဖြင့် ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

"တစ်နှစ်တာ အကောင်းဆုံး ဆရာဆုကို ရရှိဖို့ ကျောင်းမှာ သူ့ကို ကျွန်မ မဲပေးခဲ့တယ်၊" ဟု Ms. Woodard မှ ဆိုသည်။ "သူမက တကယ်ကို မယုံနိုင်လောက်အောင်ကောင်းတဲ့သူ ဖြစ်ပြီး၊ အမြဲတမ်းဆိုသလို လိုအပ်တာထက်တောင်ပိုပြီး အားထုတ်ဆောင်ရွက်လေ့ ရှိသူပါ၊ ဥပမာပြောရမယ်ဆိုရင်

ကျွန်မတို့ရဲ့ Sunshine ကော်မတီအတွက် အတူလုပ်ဆောင်ကြတဲ့အခါမျိုးမှာ၊ ပြီးတော့ ဆရာ၊ဆရာမတွေ၊ ဝန်ထမ်းတွေ အားလုံးပါ စိတ်ကျေနပ်ပျော်ရွှင်မှုရှိကြောင်း သေချာစေဖို့ ဆောင်ရွက်ပေးတဲ့အခါမျိုးမှာပါ။ သူက အမြဲတမ်းဆိုသလို အခြားသူကို ဦးစားပေး စဉ်းစားပေးတယ်။"

တစ်ကိုယ်ရေမှတ်ချက်အနေနှင့် Ms. Woodruff မှ သူမသည် Dr. Robbins ထံမှ သူမ ရရှိသော နည်းပြမှုအပေါ်တွင်လည်း အထူးကျေးဇူးတင်မိကြောင်း ပြောကြားခဲ့သည်။

"Dr. Robbins က တောက်လျှောက်ဆိုသလို ကွန်မကို အကူအညီပေးခဲ့တယ်၊ ပြီးတော့ အတန်း တစ်တန်းကို ဘယ်လို စီမံကိုင်တွယ်ရမလဲဆိုတာ သင်ကြားပေးခဲ့တယ်၊" ဟု သူမမှ ထပ်ပေါင်းပြောကြားခဲ့သည်။ "ကျွန်မတို့ အတူတကွ ကောင်းကောင်း လုပ်ကိုင်နိုင်ခဲ့ကြပြီး၊ အမှတ်ရဖွယ်အချိန်တွေ အများကြီး ရရှိခဲ့ပါတယ်။ သူမထံက သင်ယူရရှိတာတွေအတွက် အမြဲတမ်း ကျေးဇူးတင်မိနေမှာပါ။"

စင်စစ် ခံစားချက်များသည် အသွားအပြန်ရှိသည်ဟု ဆိုရပေမည်။

Dr. Robbins မှလည်း "ကျွမ်းမှာပေါ်မှာ အကောင်းဆုံး လက်တွဲလုပ်ဖော်ကိုင်ဖက် တစ်ဦးကို ကျွန်မ ရရှိခဲ့တယ်" ဟု ပြောကြားခဲ့သည်။ "ဒီလိုမျိုး 'ဒီဆုဟာ ကျွန်မနဲ့ ထိုက်တန်တယ်' လို့ ပြောကြားပေးကြတာက တကယ်တော့ အလွန်အကျူး ချီးမြှောက်ပေးကြတာပါ၊ တကယ်တမ်းဆိုရင်တော့ ကျောင်းအတွက် ကျွန်မ ထည့်ဝင်ဆောင်ရွက်ခဲ့သလို အခြားသူတွေလည်း မျှဝေဆောင်ရွက်ပေးခဲ့ကြတဲ့အတွက် ရောင်ပြန်ထင်ဟပ်နေတာ ဖြစ်ပါတယ်။"

Smoke Rise မူလတန်းကျောင်းသည် Dr. Robbins ဆု ရရှိခဲ့သည့်အပေါ် ဂုဏ်ပြုဆင်နွှဲသည့်အနေနှင့် ဇန်နဝါရီလ 29ရက်နေ့တွင် ဂုဏ်ပြုပွဲ ကျင်းပမည် ဖြစ်သည်။ ကျောင်းအုပ် Dr. Kystye Tatum မှမူ ဤဂုဏ်ပြုမှုသည် ကျောင်းသားများအပေါ် Dr. Robbins ၏ အပြုသဘော သက်ရောက်လွှမ်းမိုးမှုများကို အထူးမြင်သာစေခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။

"သူမက Smoke Rise မူလတန်းကျောင်းရဲ့ မူကြိုတန်း (Pre-K) အစီအစဉ်ကို အကောင်းဆုံး သက်ရောက်မှုပေးနိုင်ခဲ့ပါတယ်။ သူမရဲ့ တီထွင်ဆန်းသစ်ထားတဲ့ သင်ကြားမှုနည်းလမ်းတွေဟာဆိုရင် မူကြိုတန်း အစီအစဉ်က ကျောင်းသားတွေရဲ့ သင်ယူလေ့လာမှုကို သိသိသာသာ တိုးတက်မှုရှိလာစေခဲ့တယ်၊" ဟု Dr. Tatum မှ ပြောကြားခဲ့သည်။ "လူမှု-စိတ်ခံစားချက်ပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှုနဲ့ အစောပိုင်း စာပေ တတ်မြောက်ကျွမ်းကျင်မှု အရည်အချင်းတွေအပေါ် သူမရဲ့ အဓိကအာရုံပြုဆောင်ရွက်မှုဟာဆိုရင် ကျောင်းသားတွေရဲ့ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုနဲ့ အောင်မြင်မှုတွေကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

"သူမက ကျွန်တော်တို့ကျောင်းအတွက်တော့ အမှန်တကယ်ကို အရေးပါသူတစ်ဦး ဖြစ်ပါတယ်၊ ပြီးတော့ Smoke Rise မူလတန်းကျောင်းရဲ့ မိသားစုဝင်တစ်ဦးအနေအဖြစ် သူမကို ရရှိထားတာဟာ တကယ်ကို ကံကောင်းတာပဲ ဖြစ်ပါတယ်။"

Smoke Rise တွင် သူမ တာဝန်ထမ်းဆောင်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း 10 ကျော်အား ပြန်လည်ကြည့်ရှုမည်ဆိုလျှင် အလုပ်အမှုဆောင်အဖွဲ့ဝင်များအကြား အဖွဲ့လိုက်လုပ်ဆောင်လိုသော စိတ်ဓာတ်နှင့် မျှဝေခံယူထားသော ရည်မှန်းချက်သည် ကျောင်း၏ အကြီးမားဆုံးသော အားသာချက်များထဲမှ တစ်ခု ဖြစ်ခဲ့ကြောင်း Dr. Robbins မှ ညွှန်ပြခဲ့သည်။

"ကျွန်မတို့ဟာ စာသင်ကျောင်းအသိုင်းအဝိုင်း တစ်ခုလုံးရဲ့ စုပေါင်း အောင်မြင်မှုအတွက် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတယ်၊" ဟု Dr. Robbins မှ ဆိုသည်။ "ကျွန်မတို့ရဲ့ စီမံအုပ်ချုပ်မှုအပိုင်းဟာဆိုရင် စာသင်ကျောင်းရဲ့ ရူပါရုံမျှော်မှန်းချက်နဲ့ ကျွန်မတို့ရဲ့ အရည်အချင်းရှိသူတွေကို ပံ့ပိုးထောက်ပံ့ပေးခဲ့ကြတယ်၊ ဒီတော့ ကျွန်မတို့ရဲ့ စာသင်ကျောင်းဟာ ထူးချွန်ပြောင်မြောက်တဲ့အရာတွေကို ဆက်လက် လုပ်ဆောင်နိုင်ခဲ့တယ်။ Smoke Rise မူလတန်းကျောင်းကလွဲပြီး အခြားတစ်နေရာရာမှာ ကျွန်မ ရှိနေနိုင်မယ် မထင်ပါဘူး။"

အစဉ်ဆိုသလို အခြားသူများအပေါ် ဦးစားပေး စဉ်းစားပေးတတ်သည့် Dr. Robbins အနေနှင့်မူ မူကြိုတန်း ပညာရေး၏ အရေးပါမှုကို ရှင်းလင်းစွာ သိမြင်လာကြစေဖို့ မျှော်လင့်မိကြောင်း ပြောကြားခဲ့သည်။ သူမ၏ လုပ်ဆောင်မှုများသည် လက်ချောင်းဖြင့် ဆေးရောင်ခြယ်ကာ ပုံပြင်များ နားထောင်ရင်း စတင်ခဲ့ကြသည့် ကလေးများ၏ ပညာရေးခရီးစဉ် အစအား အစဉ်ဆိုသလို အမှတ်ရနေစေမည် ဖြစ်သည်။ ထူးချွန်သော ပညာရေးဝန်ထမ်းများမှ ဦးဆောင်သည့် အဆိုပါသော အစောပိုင်း အတွေ့အကြုံများကြောင့်ဟု ကလေးများသည် ကျောင်းပြီးမြောက်အောင်မြင်သွားကြသည့် နောက်ဆုံးအဆင့်အား ဖြတ်ကျော်ကြပြီးသည့်တိုင် ၎င်းတို့အပေါ် အစဉ်အမြဲ ကောင်းမွန်သော သက်ရောက်မှုများ ထင်ကျန်သက်ရောက်နေမည် ဖြစ်သည်။

သူမ၏ ကိုယ်ပိုင်စကားအတိုင်း ပြောရမည်ဆိုလျှင် အသေးငယ်ဆုံးသော သင်ယူသူများသည် တစ်ချိန်တွင် အကြီးမားဆုံးသော ချန်ပီယံ အောင်မြင်သူများ ဖြစ်လာကြမည်ဟု ဆိုရပေမည်။ Dr. Robbins သည် DCSD ဆရာ၊ဆရာမများ နှင့် ကျောင်းသားများတို့အတွက် အဆိုပါသော လက်ကိုင်ဆောင်ပုဒ်အား သက်သေပြသရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။

XXX